# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၈) ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၇ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | နယ်စပ်ဒေသများတွင် သွင်းကုန်ကြေညာလွှာ တစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များအပြီးသတ်ဆောင်ရွက်ခြင်း(One ID One Shipment)၊ ပို့ကုန်ကြေညာလွှာတစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များ အပြီးသတ်ဆောင်ရွက်ခြင်း(One ED One Shipment)စနစ်ဖြင့် တင်သွင်း၊ တင်ပို့မှုဆောင်ရွက်မည့်လုပ်ငန်းစဉ်ထုတ်ပြန်ခြင်းဆိုင်ရာအမိန့်နှင့်စပ်လျဉ်း သည့်သိကောင်းစရာ။ | ၂-၃ |
| ၂။ | ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအကြောင်း သိကောင်းစရာ။ | ၄-၆ |
| ၃။ | ကလေးသူငယ်များအပေါ်အင်တာနက်မှတစ်ဆင့်နည်းမျိုးစုံဖြင့်အမြတ်ထုတ်ခြင်းနှင့်အလွဲသုံးခြင်းတို့မှအကာအကွယ်ပေးရေးဆိုင်ရာအာဆီယံဒေသတွင်း လုပ်ငန်းစီမံချက် (၂၀၂၁-၂၀၂၅)ပါ သိကောင်းစရာများ။ | ၇-၁၀ |
| ၄။ | အာဆီယံနိုင်ငံများအတွင်း ကလေးသူငယ်ပါဝင်သည့် နယ်စပ်ဖြတ်ကျော် မှုခင်းများတွင် စေ့စပ်ဖြေရှင်းရေးအရာရှိများလိုက်နာရမည့် ကျင့်ဝတ်အား လေ့လာတင်ပြခြင်း။ | ၁၁-၁၄ |
| ၅။ | ပြင်သစ်အထက်လွှတ်တော်က ဆိုရှယ်မီဒီယာအသုံးပြုသည့် အရွယ်မရောက် သေးသူများကိုအသက်စစ်ဆေးရန်လိုအပ်သည့်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခြင်း။ | ၁၅-၁၆ |
| ၆။ | ဂျာမန်ပါလီမန်သည်ကျွမ်းကျင်လုပ်သားများခေါ်ယူရန် လူဝင်မှုကြီးကြပ်ရေး ဥပဒေအသစ် (Immigration Law 2023 )ကို အတည်ပြုခြင်း။ | ၁၇-၁၈ |
| ၇။ | မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး(UNODC)၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာထုတ်ပြန်ချက်။ | ၁၉-၂၁ |
| ၈။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးဆိုင်ရာဥပဒေပြဋ္ဌာန်းခြင်း။ | ၂၂-၂၃ |

## နယ်စပ်ဒေသများတွင် သွင်းကုန်ကြေညာလွှာ တစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များ အပြီးသတ်ဆောင်ရွက်ခြင်း (One ID One Shipment)၊ ပို့ကုန်ကြေညာလွှာ တစ်စောင်ချင်း အလိုက် အကောက်ခွန်ကိစ္စရပ်များ အပြီးသတ်ဆောင်ရွက်ခြင်း (One ED One Shipment) စနစ်ဖြင့် တင်သွင်း၊ တင်ပို့မှုဆောင်ရွက်မည့် လုပ်ငန်းစဉ် ထုတ်ပြန်ခြင်းဆိုင်ရာအမိန့်

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနသည် နယ်စပ်ဒေသများတွင် သွင်းကုန်ကြေညာလွှာတစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များ အပြီးသတ်ဆောင်ရွက်ခြင်း (One ID One Shipment)၊ ပို့ကုန်ကြေညာလွှာတစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များ အပြီးသတ်ဆောင်ရွက်ခြင်း (One ED One Shipment) စနစ်ဖြင့်တင်သွင်း၊ တင်ပို့မှုဆောင်ရွက်မည့် လုပ်ငန်းစဉ်ထုတ်ပြန်ခြင်းဆိုင်ရာအမိန့်ကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)အရအပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် အမိန့်အမှတ် ၃/၂၀၂၃ဖြင့် ထုတ်ပြန်ခဲ့ကြောင်း၊ အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကုန်ပစ္စည်းတင်သွင်းသည့် ကုန်တင်ယာဉ်များအား စစ်ဆေးဆောင်ရွက်ရာတွင် လွယ်ကူမြန်ဆန်မှုရှိစေရေး၊ အကောက်ခွန်ထိန်းချုပ်မှု ပိုမိုအားကောင်းစေရေးနှင့် တရားမဝင်တင်သွင်းတင်ပို့မှုများအား တားဆီးထိန်းချုပ်နိုင်စေရေးတို့အတွက် ဤအမိန့်ကိုထုတ်ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းအမိန့်ထုတ်ပြန်ချက်အရ သွင်းကုန်ကြေညာလွှာ ဖွင့်လှစ်တင်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ကုန်ပစ္စည်းတင်သွင်းမှုများအတွက် သွင်းကုန်ကြေညာလွှာ တစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များအပြီးသတ်ဆောင်ရွက်ခြင်း(One ID One Shipment)စနစ်ဖြင့်အမိန့်အပိုဒ် ၂ ပါနည်းလမ်းများအနက်မှကိုက်ညီသည့်နည်းလမ်းအရ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပို့ကုန်ကြေညာလွှာဖွင့်လှစ်တင်ဆောင်ခြင်းနှင့်စပ်လျဉ်း၍ ကုန်ပစ္စည်းတင်သွင်းမှုများအတွက် ပို့ကုန်ကြေညာလွှာတစ်စောင်ချင်းအလိုက် အကောက်ခွန်ကိစ္စရပ်များ အပြီးသတ်ဆောင်ရွက်ခြင်း (One ED One Shipment) စနစ်ဖြင့် အမိန့် အပိုဒ် ၃ ပါ နည်းလမ်းများအနက်မှ ကိုက်ညီသည့်နည်းလမ်းအရ ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် နယ်စပ်ဒေသ အကောက်ခွန်စစ်ဆေးရေးစခန်းများအနေဖြင့် ယင်းအမိန့်၏ အပိုဒ် ၂ နှင့် ၃ ပါ

သတ်မှတ်ချက်များအတိုင်း ၁-၇-၂၀၂၃ရက်နေ့မှစ၍ လိုက်နာကျင့်သုံးဆောင်ရွက်သွားရန်ဖြစ်ကြောင်း သိရသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ် https://www.maccs.gov.mm/node/2144

## ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအကြောင်း သိကောင်းစရာ

မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS)တွင် ဝန်ဆောင်မှုပေးရန် ဆောင်ရွက်နေသည့် လုပ်ထုံးလုပ်နည်းမှာ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများနယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းဖြစ်ပြီး ယင်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ၇-၆-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၄/၂၀၂၃) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကိုတင်သွင်းသူများနှင့် တင်ပို့သူများသည် ပြည်ပသို့ တင်ပို့ရန် သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့တင်ပို့ခွင့် သို့မဟုတ် တင်သွင်းခွင့်လျှောက်ထားခြင်းမပြုမီ ယင်းလုပ်ထုံးလုပ်နည်းနှင့်အညီသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြလျှောက်ထား၍ သဘောတူခွင့်ပြုချက် ရယူရမည်ဖြစ်ပါသည်။

ယင်းပစ္စည်းများနှင့်စပ်လျဉ်း၍ တင်သွင်းသူများ နှင့် တင်ပို့သူများအနေဖြင့် ဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ရရှိရန် လျှောက်ထားရာ၌ ပါဝင်ရမည့်အထောက်အထားများအနက် တင်ပို့သူဖြစ်ပါက တင်သွင်းသည့်နိုင်ငံနှင့် အကူးအပြောင်းပြုလုပ်သည့် နိုင်ငံတို့၏အခွင့်ရ အာဏာပိုင်များထံမှ သဘောတူခွင့်ပြုကြောင်း အထောက်အထားစာရွက်စာတမ်းကိုလည်းကောင်း၊ တင်သွင်းသူဖြစ်ပါက တင်ပို့သည့်နိုင်ငံ၏ အခွင့်ရအာဏာပိုင်ထံမှ သဘောတူခွင့်ပြုကြောင်း အထောက်အထားစာရွက်စာတမ်းကိုလည်းကောင်း တင်ပြရမည်ဖြစ်ကြောင်းတွေ့ရှိရာ သက်ဆိုင်ရာနိုင်ငံများရှိ အခွင့်ရအာဏာပိုင်တို့၏သဘောတူခွင့်ပြုချက်မှာ အရေးကြီးပါသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် သဘောတူခွင့်ပြုချက်ပေးသည့်အခါ တင်သွင်းသည့်နိုင်ငံ သို့မဟုတ် တင်ပို့သည့်နိုင်ငံသည် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းနှင့် စွန့်ပစ်ခြင်းများ ထိန်းချုပ်ရေးဆိုင်ရာ ဘာဆယ်

ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်ခြင်း၊ မြန်မာနိုင်ငံအတွင်း၌ ယင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် သင့်လျော်သောလုပ်ငန်းနေရာရှိခြင်း၊ တင်ပို့ခြင်းဖြစ်ပါက တင်ပို့မည့် ပစ္စည်းများကို လက်ခံသည့် သက်ဆိုင်ရာနိုင်ငံမှတင်သွင်းသူသည်တင်သွင်းသည့်နိုင်ငံအတွင်း၌ ယင်းပစ္စည်းများကိုသန့်စင်၍စွန့်ပစ်သူဖြစ်ခြင်း၊ တင်သွင်းခြင်းဖြစ်ပါက မြန်မာနိုင်ငံအတွင်း၌ ယင်းပစ္စည်းများကို သန့်စင်၍ စွန့်ပစ်သူဖြစ်ခြင်းတို့နှင့် ကိုက်ညီမှု ရှိမရှိ စိစစ်ပြီးမှသာ သဘောတူခွင့်ပြုချက်ပေးခြင်း ဖြစ်ပါသည်။

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို ဘာဆယ် ကွန်ဗင်းရှင်းဝင်နိုင်ငံတစ်နိုင်ငံမှ ဘာဆယ်ကွန်ဗင်းရှင်းဝင်အခြားနိုင်ငံတစ်နိုင်ငံသို့ တင်သွင်းရာတွင် မြန်မာနိုင်ငံ၏ ပိုင်နက်နယ်မြေမှတစ်ဆင့် ဖြတ်သန်းသယ်ဆောင်လို၍ တင်ပို့သည့်နိုင်ငံ၏ အခွင့်ရအာဏာပိုင်က အသိပေးအကြောင်းကြားသည့်အခါ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လုပ်ထုံးလုပ်နည်းနှင့် ကိုက်ညီသည်ဟု ယူဆပါက သတ်မှတ်ချက်များနှင့်အညီစိစစ်၍ ခွင့်ပြုနိုင်ပါသည်။

ထို့ပြင် ယင်းပစ္စည်းများကို ဘာဆယ်ကွန်ဗင်းရှင်းဝင်မဟုတ်သောနိုင်ငံများမှ သို့မဟုတ် နိုင်ငံများသို့ တင်သွင်းခြင်း သို့မဟုတ် တင်ပို့ခြင်း ဆောင်ရွက်မည်ဆိုလျှင် ဘာဆယ်ကွန်ဗင်းရှင်း ၏ အပိုဒ် ၁၁ အရ မြန်မာနိုင်ငံသည် အဆိုပါနိုင်ငံများနှင့် နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံအများ ပါဝင်သော သဘောတူညီချက်တစ်ခုခုပြုလုပ်ထားမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများကို နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခြင်းပြုရာ၌ သက်ဆိုင်ရာနိုင်ငံ၏ အခွင့်ရအာဏာပိုင်များထံမှ သဘောတူခွင့်ပြုချက် မပါရှိခြင်း၊ ယင်းသဘောတူခွင့်ပြုချက်တွင် လွဲမှားစွာတင်ပြထားခြင်း၊ ယင်းပစ္စည်းများသည် တင်ပြသည့်စာရွက်စာတမ်းများနှင့် ကိုက်ညီမှုမရှိခြင်း၊ အဆိုပါပစ္စည်းများကို ရည်ရွယ်ချက်ဖြင့် စွန့်ပစ်ခြင်း သို့မဟုတ် စုပုံခြင်းတို့နှင့်ငြိစွန်းပါက နယ်စပ်ဖြတ်ကျော်သယ်ဆောင်ခွင့်မပြုကြောင်းတွေ့ရှိရပါသည်။

သို့ဖြစ်ရာ မည်သူမဆို ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများနှင့် အခြားစွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်

လျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၂ အရ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဖြစ်ပါသည်။

ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ကလေးသူငယ်များအပေါ် အင်တာနက် မှတစ်ဆင့် နည်းမျိုးစုံဖြင့် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးခြင်းတို့မှ အကာအကွယ်ပေးရေးဆိုင်ရာ အာဆီယံဒေသတွင်း လုပ်ငန်းစီမံချက် (၂၀၂၁ -၂၀၂၅) ပါ သိကောင်းစရာများ

၁၉၈၉ ခုနှစ်တွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (Convention on the Rights of the Child)ကို သဘောတူအတည်ပြုချမှတ်ခဲ့သော်လည်း နှစ်သုံးဆယ်ကျော်ကြာသည့်အခါ အင်တာနက်သုံးစွဲမှုကြောင့်ကလေးသူငယ်များအပေါ်အကျိုးသက်ရောက်မှုများဆင့်ကဲပြောင်းလဲမှုကို ထိုအချိန်က ကြိုတင်မှန်းဆနိုင်ခဲ့ခြင်းမရှိခဲ့ပါ။ အင်တာနက်သုံးစွဲမှုသည် ကလေးသူငယ်များ အတွက် အကျိုးရှိသည့်အခွင့်အလမ်းတစ်ခုဖြစ်သော်လည်း အကြမ်းဖက်ခံရမှုများ၊ အနိုင်ကျင့်ခံရမှုများ၊ အမြတ်ထုတ်ခံရမှုများနှင့်လည်း ထိတွေ့နိုင်သည့်နေရာ ဖြစ်လာပါသည်။ အင်တာနက်အသုံးပြုမှု မြင့်တက်လာသည်နှင့်အမျှ အန္တရာယ်နှင့်ထိတွေ့နိုင်မှုသည်လည်း မြင့်တက်လာပါသည်။

အင်တာနက်အသုံးပြုမှု ပိုမိုလွယ်ကူလာသဖြင့် ကလေးသူငယ်များကို အမြတ်ထုတ်၊ အသုံးချသူများသည် မိမိတို့အနီးဝန်းကျင်၌ ရှိသူများသာမကဒေသခြား၊ ကမ္ဘာ့နေရာအသီးသီးမှ လူတစ်ဦး လည်းဖြစ်နိုင်ပါသည်။ ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်လိုသူများသည် မိမိတို့ တည်နေရာမှာပင် ကလေးသူငယ်များကို အင်တာနက်မှတစ်ဆင့် ရင်းနှီးမှုရရှိစေရန် စီမံဆောင်ရွက် နိုင်ပါသည်။ ယနေ့ခေတ် ဆက်သွယ်ရေးကိရိယာများတွင် အရည်အသွေးကောင်းမွန်သည့် ကင်မရာ (Webcam)များ ပါရှိသဖြင့် ၎င်းမှတစ်ဆင့် ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်သည့် ဗီဒီယိုနှင့်ဓာတ်ပုံများ (Child Sexual Abuse Materials - CSAM) ကို အလွယ်တကူရယူ အသုံးပြု ဖြန့်ဝေနိုင်ပါသည်။ ၎င်းတို့ကို အင်တာနက်ပေါ်တွင် ခြေရာခံ၍ မရနိုင်သည့် နေရာများနှင့်အခြားတွင် သိမ်းဆည်းထားရှိပြီး (Dark Web) ဟုခေါ်သည့် ညစ်ညမ်း Website၊ Forums  များတွင် ဖြန့်ဖြူး ရောင်းချလေ့ရှိပါသည်။

ထိုဖြစ်စဉ်များကြောင့် လိင်အမြတ်ထုတ်မှုအပါအဝင် အင်တာနက်မှတစ်ဆင့် ကလေးသူငယ် များအား အမြတ်ထုတ်အသုံးချမှုအား ကာကွယ်ဖြေရှင်းနိုင်ရန် အထူးအလေးထား၍ ဆောင်ရွက်ကြပြီး

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဥပဒေများပြဌာန်းခြင်း၊ Hotline များထားရှိပေးခြင်းနှင့် လူမှုအဖွဲ့အစည်းများဖွဲ့စည်းဆောင်ရွက်ပေးခြင်းဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် အမေရိကန်အခြေစိုက် National Center for Missing and Exploited Children (NCMEC)မှလည်း အာဆီယံဒေသတွင်းတွင် ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်သည့်ဗီဒီယိုနှင့်ဓာတ်ပုံများ (CSAM) ဖြစ်ပွားမှုများသည် သိသိသာသာ မြင့်တက်လာကြောင်း တွေ့ရှိရသဖြင့် လိုအပ်သော အရေးယူမှုများပြုလုပ်နိုင်ရန် အာဆီယံနိုင်ငံများ၏ အစိုးရများထံသို့ အကြောင်းကြားခဲ့ပါသည်။

ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုကို တိုက်ရိုက်ထုတ်လွှင့်မှုသည် ကမ္ဘာတစ်ဝှမ်းတွင် မြင့်တက်လာသော ဖြစ်စဉ်တစ်ခုဖြစ်ပြီး အာဆီယံဒေသသည် ဤအမှု ကျူးလွန်သူများ၏ အခြေစိုက်ရာနေရာဖြစ်လာပါသည်။ ထိုကျူးလွန်သူများက ထုတ်လွှင့်မှုကို စီမံခန့်ခွဲပြီးငွေကြေးများကို အင်တာနက်ငွေလွှဲဝန်ဆောင်မှုများမှတစ်ဆင့် ပေးပို့ကြပါသည်။ အခြားခေတ်စားလာသော ဖြစ်စဉ်တစ်ခုမှာ ကလေးများကိုယ်တိုင် မိမိကိုယ်ကို ဓာတ်ပုံ သို့မဟုတ် ဗီဒီယို ရိုက်ယူပြီး(self-generated materials)အင်တာနက်မှတစ်ဆင့် အခြားသူများထံ ပေးပို့ခြင်းဖြစ်သည်။ အချို့ကိစ္စများတွင် လိင်ပိုင်းဆိုင်ရာကျူးလွန်သူများက ယောကျ်ားလေးနှင့် မိန်းကလေးငယ်များကို ကိုယ်တိုင် ဖန်တီးမှုများပြုလုပ်စေရန်ရည်ရွယ်ချက်ဖြင့် ရင်းနှီးမှုရရှိစေရန် ဆောင်ရွက်ခြင်း၊ လှည့်စားခြင်းများ ပြုလုပ်လေ့ရှိပါသည်။ အချို့ဖြစ်စဉ်များတွင် ငွေကြေးပါဝင်မှုများလည်း ရှိတတ်ပါသည်။ မည်သို့ပင် ဖန်တီးသည်ဖြစ်စေ ထိုဓာတ်ပုံနှင့်ဗီဒီယိုများသည် လူအများထံသို့အလွယ်တကူဖြန့်ဖြူးနိုင်သဖြင့် ကာယကံရှင်အတွက်များစွာအန္တရာယ်ရှိပါသည်။ ထိုဖန်တီးမှုများကိုအသုံးပြု၍ အခြားဖန်တီးမှုအသစ်များကို ထပ်မံပြုလုပ်ရန်နှင့် အခြားသောလိင်ပိုင်းဆိုင်ရာကိစ္စများတွင် ပါဝင်ရန်လည်း အကြပ်ကိုင်မှုများလည်း ရှိနိုင်ပါသည်။ အင်တာနက်မှတစ်ဆင့် အနိုင်ကျင့်မှု(Cyberbullying)သည် အာဆီယံဒေသတွင်းနိုင်ငံများရှိ ကလေးသူငယ်များအချင်းချင်းကြားတွင် ဖြစ်ပွားမှုနှုန်းသည် စိုးရိမ်စရာကောင်းသည့် အခြေအနေထိ မြင့်တက်လာခဲ့ပါသည်။

အာဆီယံ အမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး နှင့် မြှင့်တင်ရေးဆိုင်ရာ ကော်မရှင်က ကလေးသူငယ်များအပေါ် နည်းပညာအကျိုးသက်ရောက်မှုနှင့် စပ်လျဉ်း၍ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလတွင် အာဆီယံဒေသတွင်း ဘက်ပေါင်းစုံညီညွတ်မျှတသည့် ဥပဒေမြှင့်တင်ရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် အင်တာနက်မှတစ်ဆင့် ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုပပျောက်ရေးဆိုင်ရာ ကဏ္ဍပေါင်းစုံပါဝင်သည့်အာဆီယံဆွေးနွေးပွဲကို ကျင်းပခဲ့ပါသည်။အာဆီယံဒေသတွင်းရှိ ကလေးသူငယ်များအပေါ် အင်တာနက်မှတစ်ဆင့် နည်းမျိုးစုံဖြင့် အမြတ်ထုတ်မှုနှင့် အလွဲသုံးခြင်းတို့မှ ကာကွယ်ရေးဆိုင်ရာကြေညာစာတမ်း (Declaration on the Protection of Children from All forms of Online Abuse and Exploitation in ASEAN) ကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၌ ကျင်းပခဲ့သည့် ၃၅ ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အတည်ပြုခဲ့ပါသည်။

ဒေသတွင်းလုပ်ငန်းစီမံချက်(Regional Plan of Action – RPA)တွင် အင်တာနက်မှတစ်ဆင့် ကလေးသူငယ်များအပေါ် နည်းမျိုးစုံဖြင့် အမြတ်ထုတ်ခြင်းမှကာကွယ်ခြင်းနှင့် ပတ်သက်၍ အဆိုပါ ကြေညာစာတမ်းတွင် အကောင်အထည်ဖော်ကျင့်သုံးရမည့် အချက်အလက်များနှင့် အာဆီယံဒေသ တွင်းဆိုင်ရာကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးလုပ်ငန်းစဉ်များကို ဖော်ပြထားပါ သည်။

ကလေးသူငယ်များအပေါ် အင်တာနက်မှတစ်ဆင့် နည်းမျိုးစုံဖြင့်အမြတ်ထုတ်ခြင်း နှင့် အလွဲသုံးခြင်းတို့မှ အကာအကွယ်ပေးရေးဆိုင်ရာ အာဆီယံဒေသတွင်းလုပ်ငန်းစီမံချက် (၂၀၂၁ - ၂၀၂၅)တွင် နောက်ခံအခြေအနေနှင့် အကျိုးအကြောင်း ဖော်ပြချက်များ၊ ပညာရပ်ဝေါဟာရ နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ သတ်မှတ်ကာလ၊စီမံချက်၏ရည်ရွယ်ချက်၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသ ဆိုင်ရာမူဘောင်များနှင့် ကတိကဝတ်များ၊ လိုက်နာရမည့်အခြေခံမူများ၊ ကလေးသူငယ်များအပေါ် အင်တာနက်မှတစ်ဆင့်နည်းမျိုးစုံဖြင့် အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးခြင်းတို့မှ အကာအကွယ်ပေးရေး

ဆိုင်ရာအာဆီယံဒေသတွင်း လုပ်ငန်းစီမံချက်(၂၀၂၁–၂၀၂၅)၊ ကြေညာစာတမ်းနှင့် ဒေသတွင်းစီမံချက်တို့အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကာလအလိုက်သုံးသပ်မှုနှင့် ညွှန်းကိန်းများဟူ၍ အပိုင်း ၁၀ ပိုင်း ပါဝင်ပါသည်။

သို့ဖြစ်ပါ၍ ကလေးသူငယ်များအပေါ် အင်တာနက်မှတစ်ဆင့်နည်းမျိုးစုံဖြင့် အမြတ်ထုတ်ခြင်း နှင့် အလွဲသုံးခြင်းတို့မှ အကာအကွယ်ပေးရေးဆိုင်ရာ အာဆီယံဒေသတွင်း လုပ်ငန်းစီမံချက် (၂၀၂၁ -၂၀၂၅) သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွက် အရေးကြီးသောလုပ်ငန်း စီမံချက် တစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း ကလေးသူငယ်များနှင့်စပ်လျဉ်း၍ ပြည်တွင်းဥပဒေ ပြဋ္ဌာန်းချက်များအပြင် အဆိုပါဒေသတွင်း လုပ်ငန်းစီမံချက်ပါပြဋ္ဌာန်းချက်များနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

Source from asean.org

## အာဆီယံနိုင်ငံများအတွင်း ကလေးသူငယ်ပါဝင်သည့် နယ်စပ်ဖြတ်ကျော်မှုခင်းများတွင် စေ့စပ်ဖြေရှင်းရေးအရာရှိများလိုက်နာရမည့် ကျင့်ဝတ်အား လေ့လာတင်ပြခြင်း

ကျင့်ဝတ်ဟူသည် လိုက်နာစောင့်ထိန်းရသော ကိုယ်ကျင့်တရားဖြစ်ပြီး ကျင့်ဝတ်သိက္ခာဟူသည် အသိတရားနှင့်ယှဉ်သောကောင်းမြတ်သော ကိုယ်ကျင့်တရားဖြစ်ပါသည်။ တရားမျှတမှုအား လက်တွေ့ကျင့်သုံးရသည့် အဖွဲ့အစည်းများအတွက် ကျင့်ဝတ်နှင့်သိက္ခာကို ထိန်းကျောင်းနိုင်ရန် သတ်မှတ်ပြဋ္ဌာန်းချက်များထားရှိကြပါသည်။

အာဆီယံနိုင်ငံများအတွင်း ကလေးသူငယ်ပါဝင်သည့် နယ်စပ်ဖြတ်ကျော်မှုခင်းများတွင် စေ့စပ်ညှိနှိုင်းဖြေရှင်းသူများ လိုက်နာရမည့်ကျင့်ဝတ်အား ထုတ်ပြန်ထားရှိပြီး ယင်းကျင့်ဝတ်သည် ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားအတွက်ကိုသာ အဓိကထည့်သွင်း စဉ်းစားရမည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံများလိုက်နာရမည့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် ဆန့်ကျင်မှုမရှိစေဘဲ လိုက်နာကျင့်သုံးရမည်ဖြစ်ပါသည်။ ယင်းကျင့်ဝတ်၏ ထူးခြားချက်မှာ ကလေးသူငယ်များပါဝင်သည့် အငြင်းပွားမှုကိုသာ ရည်ရွယ်ပြီး ကလေးသူငယ်များအား ချုပ်နှောင်မှု၊ အုပ်ထိန်းမှု၊ မိဘနှင့် ကလေးအကြားဆက်ဆံမှု၊ ကလေးအားပြန်လည်အပ်နှံမှု၊ ကလေးအားကြည့်ရှုစောင့်ရှောက်ခွင့်နှင့် ငွေကြေးထောက်ပံ့ခွင့်ဆိုင်ရာ တရားမအငြင်းပွားမှုနှင့်သာသက်ဆိုင်ပြီး ပြစ်မှုဆိုင်ရာ အငြင်းပွားမှုများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

ယင်းကျင့်ဝတ်တွင် စေ့စပ်ဖြေရှင်းရေးအရာရှိတစ်ဦးသည် ၎င်းပါဝင်ပတ်သက်မှုမှ ဖြစ်ပေါ်လာနိုင်သည့် အကျိုးစီးပွားဆိုင်ရာပဋိပက္ခများကို ရှောင်ကြဉ်ရန်လိုအပ်ပြီး ထိုသို့ဖြစ်ပေါ်လာနိုင်ချေရှိလျှင်ပင်စေ့စပ်ဖြေရှင်းခြင်းမဆောင်ရွက်မီ အမှုသည်များအားလုံးကို ထုတ်ဖော်ပြောကြားရန် လိုအပ်ပါသည်။ ၎င်းမှ စေ့စပ်ဖြေရှင်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ပါဝင်မှုသည် အမှုသည်များ၏ စာဖြင့်ရေးသားသော သဘောတူညီမှုရရှိခြင်းအပေါ်တွင်မူတည်ပြီး ဖြေရှင်းရေးအရာရှိမှအမှုတွင် ဆက်လက်ပါဝင်နေမှုသည် စေ့စပ်ဖြေရှင်းရေး လုပ်ငန်းစဉ်နှင့် ရလဒ်ကိုထိခိုက်စေနိုင်သည်ဟု ယူဆဖွယ်ရှိပါက ဖြေရှင်းရေးအရာရှိမှ ၎င်းကိုယ်တိုင်နုတ်ထွက်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ စေ့စပ်ဖြေရှင်းရေး

အရာရှိတစ်ဦးသည် အမှုသည်များ၏အခွင့်အရေးနှင့် ၎င်းတို့၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာရန် လိုအပ်ပြီး စေ့စပ်ဖြေရှင်းရေးအရာရှိ၏ဆုံးဖြတ်ချက်နှင့်အညီ ဆောင်ရွက်စေရန် ဖိအားပေးဖြေရှင်းစေခြင်း ကိုပြုလုပ်၍မရဘဲ အမှုသည်များ၏ သဘောဆန္ဒအလျောက် ဆုံးဖြတ်ဆောင်ရွက်ခြင်းဖြစ်ရန် လိုအပ်ပါသည်။

စေ့စပ်ဖြေရှင်းရေးအရာရှိသည် စေ့စပ်ဖြေရှင်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့်အချက်အလက်များကိုလျှို့ဝှက်ထိန်းသိမ်းထားရမည့်တာဝန်ရှိပါသည်။ တရားစွဲဆိုမှုများတွင်စေ့စပ်ဖြေရှင်းခြင်းဆောင်ရွက်စဉ်က ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များသည် တရားရုံးတွင်သက်သေခံဝင်နိုင်မည်မဟုတ်ကြောင်းနှင့် ယင်းတို့ကို ထုတ်ဖော်ပြောဆိုခြင်းမပြုရမည်ဖြစ် ကြောင်း၊ စေ့စပ်ဖြန်ဖြေရေးအရာရှိသည် အမှုသည်တစ်ဦးမှရရှိသည့် သတင်းအချက်အလက်ကို အခြားအမှုသည်အား ဖုံးကွယ်ခြင်းမပြုရကြောင်း၊ စေ့စပ်ဖြေရှင်းရေးအရာရှိသည် စေ့စပ်ဖြန်ဖြေခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ဥပဒေနှင့်အညီ ထုတ်ဖော်ပြောဆိုခြင်း၊ စေ့စပ်ဖြန်ဖြေခြင်းကုန်ကျစရိတ်နှင့်စပ်လျဉ်း၍ ပြောဆိုဆောင်ရွက်ခြင်းနှင့် အမှုသည်မှ ထုတ်ဖော်ပြောဆိုရန် ခွင့်ပြုထားခြင်း တို့မှတစ်ပါး ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ လျှို့ဝှက်ထိန်းသိမ်းထားရမည်ဖြစ်ပါသည်။

ယင်းကျင့်ဝတ်တွင် ထူးခြားချက်တစ်ရပ်အနေဖြင့် စေ့စပ်ဖြေရှင်းရေးအရာရှိ၏ အရည်အချင်းနှင့်စပ်လျဉ်း၍ မိသားစုအငြင်းပွားမှုများ၏ သဘောသဘာဝနှင့် စပ်လျဉ်းသော စိတ်ပညာ၊ လူမှုဗေဒ၊ ကာယ၊ ဉာဏတို့နှင့် ဆက်စပ်မှုရှိနိုင်သော ကိစ္စရပ်များကိုလည်း နားလည်နိုင်စွမ်းရှိသူ ဖြစ်ရမည်ဟု သတ်မှတ်ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

စေ့စပ်ဖြေရှင်းရေးအရာရှိသည် စေ့စပ်ဖြေရှင်းရေး ကျွမ်းကျင်မှုများဖြင့် လုံ့လစိုက်၍ ဆောင်ရွက်ရမည်ဖြစ်ပြီး စိတ်ပညာရပ်၊ အပြုအမူဆိုင်ရာ သိပ္ပံပညာရပ်နှင့် ဦးနှောက်ဉာဏ်ရည်နှင့် ဆိုင်သော ပညာရပ်တို့ကို သိသင့်သိထိုက်သည်များကို လေ့လာဆောင်ရွက်ရန်၊ စေ့စပ်ဖြေရှင်းခြင်းလုပ်ငန်းစဉ်ကို ညီမျှစွာဆောင်ရွက်ရမည်ဖြစ်ပြီး အမှုသည်များအား ကြားနာခွင့်နှင့် အဆုံးသတ်ဖြေရှင်းခြင်းမတိုင်မီ

ဥပဒေအကြံပေးရရှိခြင်းတို့အား ဆောင်ရွက်ခွင့်ရရှိရန်၊ အမှုသည်များ၏ ဆွေးနွေးဖြေရှင်းရာတွင် လုံခြုံသော ပတ်ဝန်းကျင်ရရှိရန် ဆောင်ရွက်ရ မည်ဖြစ်သည်။

စေ့စပ်ဖြေရှင်းရေးအရာရှိ၏ ရှောင်ကြဉ်ရမည့်ကျင့်ဝတ်များနှင့်စပ်လျဉ်း၍ စေ့စပ်ဖြေရှင်းရေးအရာရှိသည်လွတ်လပ်၍ ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်ရမည်ဖြစ်ပြီး ဘက်လိုက်မှုဖြစ်စေသည့် အပြုအမူ စကားတို့အား ရှောင်ကြဉ်ရန်၊ အမှုအားစေ့စပ်ဖြေရှင်းရန်သာဖြစ်ပြီး ဆုံးဖြတ်ခြင်းမပြုရန်နှင့် စေ့စပ်ဖြန်ဖြေခြင်းမဆောင်ရွက်မီနှင့်ဆောင်ရွက်နေစဉ် မည်သည့် အချိန်တွင်မဆို လွတ်လပ်၍ဘက်လိုက်မှုမရှိဘဲဆောင်ရွက်နိုင်မည်မဟုတ်ပါက ထိုစေ့စပ် ဖြေရှင်းခြင်းကို ဆောင်ရွက်ခြင်းမပြုရန်၊ အမှုသည်များကို မိမိဆန္ဒအား အတင်းအကြပ် ဆုံးဖြတ်ခြင်းကိုမပြုရန်နှင့် စေ့စပ်ဖြေရှင်းရေးအရာရှိသည် အမှုသည်များနှင့် သီးသန့်တွေ့ဆုံခြင်း မပြုရန်နှင့် လိုအပ်၍ တွေ့ဆုံရပါက အခြားအမှုသည်ကို အကြောင်းကြားရန် လိုအပ်ပြီး စေ့စပ်ဖြေရှင်းရေးအရာရှိသည် အမှုဆောင်ရွက်နေစဉ်အတွင်း အမှုသည်တစ်ဦးဦးမှ မမှန်မကန်တိုင်ကြားကြောင်း ခိုင်လုံသော အကြောင်းရှိသည်ဟု ယုံကြည်ပါက စေ့စပ်ဖြေရှင်း ခြင်းကို ရပ်စဲနိုင်သည်။ စေ့စပ်ဖြေရှင်းရေး အရာရှိသည် အမှုဆောင်ရွက်ရာတွင် အမှုစစ်ဆေး ဆောင်ရွက်မည့် အစီအစဉ်ကို သတ်မှတ်ထားရမည်ဖြစ်ပြီး မလိုအပ်သော နှောင့်နှေး ကြန့်ကြာမှုများကို ရှောင်ရှားရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း စေ့စပ်ဖြေရှင်းခြင်းလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စေ့စပ်ဖြေရှင်းရေးအရာရှိများအတွက် ကျင့်ဝတ်ဆိုင်ရာတန်ဖိုးများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၂၅.၄.၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၃၀၇/၂၀၂၃ ဖြင့် ထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် စေ့စပ်ဖြန်ဖြေရေးအရာရှိများ စောင့်ထိန်းအပ်သည့် ကျင့်ဝတ်များအဖြစ်ထုတ်ပြန်ထားခြင်းဖြစ်ကြောင်းတွေ့ရှိရပါသည်။

ယင်းကျင့်ဝတ်များတွင် စေ့စပ်ဖြေရှင်းရေးအရာရှိများ လေးစားလိုက်နာရမည့် ကျင့်ဝတ်များအနေဖြင့်လွတ်လပ်မှု၊ သာတူညီမျှရှိမှု၊ သမာသမတ်ကျမှု၊ ဂုဏ်သိက္ခာရှိမှု၊ စွမ်းဆောင်ရည်ပြည့်ဝမှု၊ လုံခြုံမှု၊ အငြင်းပွားသူများ၏ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကိုလေးစားမှုနှင့် စေ့စပ်ဖြေရှင်းရေးကို တလွဲ

သုံးခြင်းမှ ရှောင်ကြဉ်မှု တို့ပါဝင်ကြောင်းတွေ့ရှိရပါသည်။ အဆိုပါကျင့်ဝတ်တန်ဖိုးများကို ပြုစုရာတွင်လည်း အထက်ဖော်ပြပါ အာဆီယံဒေသတွင်း ကလေးသူငယ်များပါဝင်သော နိုင်ငံဖြတ်ကျော် မိသားစုဆိုင်ရာမှုခင်းများဖြေရှင်းရေးအရာရှိများအတွက် ကျင့်ဝတ်ကိုကိုးကားထားကြောင်း တွေ့ရှိရပါသည်။

အာဆီယံဒေသတွင်း ကလေးသူငယ်များပါဝင်သော နိုင်ငံဖြတ်ကျော်မိသားစုဆိုင်ရာ မှုခင်းများ စေ့စပ်ဖြေရှင်းရေး အရာရှိများအတွက် ကျင့်ဝတ်သည် ကလေးသူငယ်များပါဝင် သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သတ်မှတ်ထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ စေ့စပ်ဖြေရှင်း အရာရှိများ ကျင့်ဝတ်သည် ယေဘုယျအားဖြင့် ၎င်းတို့ဖြေရှင်းပေးသည့် မိသားစုဆိုင်ရာ အငြင်းပွားမှုများ၊ ငွေကြေးဆိုင်ရာ အငြင်းပွားမှုများ၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုများနှင့် အခြားပြဿနာများအားလုံး အပေါ်တွင် ကျင့်သုံးကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် အာဆီယံဒေသတွင်း ကလေးသူငယ်များ ပါဝင်သော နိုင်ငံဖြတ်ကျော်မိသားစုဆိုင်ရာမှုခင်းများ ဖြေရှင်းရေးအရာရှိများအတွက် ကျင့်ဝတ်တွင် ထူးခြားချက်တစ်ရပ်အနေဖြင့် စိတ်ပညာ၊ လူမှုဗေဒ၊ ကာယ၊ ဥာဏ တို့နှင့်ဆက်စပ်မှုရှိနိုင်သော ကိစ္စရပ်များကိုလည်း နားလည်နိုင်စွမ်း ရှိသူဖြစ်ရမည်ဟူသော အရည်အချင်းကိုပါ ထည့်သွင်းသတ်မှတ်ထားသည်ကို တွေ့ရှိရသဖြင့် ဖြေရှင်းရမည့်အမှုကိစ္စအပေါ် များစွာထိရောက်မှုရှိနိုင်မည် ဖြစ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ရည်ညွှန်းကိုးကားစာရင်း**

- အာဆီယံဒေသတွင်း ကလေးသူငယ်များပါဝင်သော နိုင်ငံဖြတ်ကျော်မိသားစုဆိုင်ရာမှုခင်းများ ဖြေရှင်းရာတွင် စေ့စပ်ဖြေရှင်းရေး အရာရှိများအတွက် ကျင့်ဝတ်
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အမိန့်ကြော်ငြာစာအမှတ်၃၀၇/၂၀၂၃စေ့စပ်ဖြေရှင်းရေး အရာရှိများအတွက် ကျင့်ဝတ်ဆိုင်ရာတန်ဖိုးများ

## ပြင်သစ်အထက်လွှတ်တော်က ဆိုရှယ်မီဒီယာအသုံးပြုသည့် အရွယ်မရောက်သေးသူများကို အသက်စစ်ဆေးရန် လိုအပ်သည့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်း

ပြင်သစ် အထက်လွှတ်တော်က TikTok နှင့် Instagram ကဲ့သို့သော လူမှုမီဒီယာ ပလက်ဖောင်းများကို သုံးစွဲနေသည့် အသက် ၁၅ နှစ် နှင့် ၁၅ နှစ်အောက် ကလေးများအတွက် တိကျသေချာသည့် မိဘခွင့်ပြုချက်ရယူရန် လိုအပ်လျက်ရှိသည့် ဥပဒေအသစ် ကို ၂၉-၆-၂၀၂၃ ရက်နေ့ (ကြာသပတေးနေ့)က အတည်ပြုခဲ့ပါသည်။ ဆိုရှယ်မီဒီယာသုံးစွဲသူများအတွက် ကိုယ်ရေးကိုယ်တာ အကာအကွယ်များကင်းမဲ့နေသည့် ပလက်ဖောင်းများကို နိုင်ငံတကာက ဖျက်ဆီးမှုများ ပြုလုပ်နေစဉ် ယခုကဲ့သို့ ဥပဒေပေါ်ထွက်လာခြင်းဖြစ်ပါသည်။

အဆိုပါ ဥပဒေအသစ်သည် အရွယ်မရောက်သေးသူများ အင်တာနက်အသုံးပြုခြင်း၏ မလိုလားအပ်သော အကျိုးဆက်များမှ ကာကွယ်ရန် ပြင်သစ်အစိုးရ၏ လတ်တလော ကြိုးပမ်းမှုဖြစ်ပြီး ကလေးများ၏ Screen Time လျှော့ချရန်၊ ညစ်ညမ်းရုပ်ပုံစာပေကဲ့သို့သော အန္တရာယ်ရှိသည့် အကြောင်းအရာများမှ ကာကွယ်ရန်နှင့် ကလေးများအား cyberbullying နှင့် အခြားသောဆိုက်ဘာနယ်ပယ်တွင် ဖြစ်လေ့ရှိသည့် ရာဇဝတ်မှုများမှ ကာကွယ်ပေးရန် ရည်ရွယ်ပါသည်။

ဆယ်ကျော်သက်မိန်းကလေးများအကြားတွင် အဖြစ်များလာသောပြဿနာဖြစ်သည့်စွဲလမ်းမှုသဘာဝနှင့် အလှအပစံနှုန်းများကဲ့သို့ ဆိုရှယ်မီဒီယာကို အလွန်အကျွံအသုံးပြုခြင်းကြောင့်ဖြစ်ပေါ်လာသည့် စိတ်ကျန်းမာရေးဆိုင်ရာ ပြဿနာများကိုလည်း အဓိကထားပါသည်။ ဥပဒေအသစ်အရ ကလေးများ၏အသုံးပြုချိန်ကို ကန့်သတ်သည့်လုပ်ဆောင်ချက်များကို ထည့်သွင်းရန် လိုအပ်ပါသည်။ ယင်းမှာ မိဘများအား ၎င်းတို့၏ အသက် ၁၅ နှစ်အောက် ကလေးများ၏ အကောင့်များကို ရပ်ဆိုင်းနိုင်ရန် အခွင့်အရေးလည်း ပေးလိမ့်မည်ဖြစ်သည်။

ဆိုရှယ်မီဒီယာကုမ္ပဏီများသည် စည်းကမ်းထိန်းသိမ်းရေး၏ လမ်းညွှန်ချက်များနှင့်ကိုက်ညီသည့် နည်းပညာဆိုင်ရာ ဖြေရှင်းချက်များကို အကောင်အထည်ဖော်ခြင်းဖြင့် စည်းမျဉ်း အသစ်ကို လိုက်နာရမည်။ ဥပဒေချိုးဖောက်သော ဆိုရှယ်မီဒီယာပလက်ဖောင်းများသည် ယင်းတို့၏ ကမ္ဘာလုံးမှ ရရှိ သောဝင်ငွေ၏ ၁ ရာခိုင်နှုန်းအထိ ဒဏ်ငွေဆောင်ရနိုင်သည်။

ဥရောပကော်မရှင်မှ အတည်ပြုနေဆဲဖြစ်သောကြောင့် ဥပဒေအသစ်တရားဝင်အကောင်အထည် ဖော်မည့်ရက်အတိအကျကို ထုတ်ပြန်ကြေညာခြင်းမပြုသေးပါ။ ဥပဒေအသက်ဝင်သည်နှင့်

တပြိုင်နက် ဆိုရှယ်မီဒီယာပလက်ဖောင်းများသည် သုံးစွဲသူအသစ်များအတွက် မူဝါဒ နှင့်အညီ တစ်နှစ်နှင့် လက်ရှိအသုံးပြုနေသူများအတွက် နောက်ထပ်နှစ်နှစ် အသုံးပြုရန် ရှိမည် ဖြစ်သည်။

ပြင်သစ်နိုင်ငံသည် အသက် ၁၃ နှစ်အောက် အရွယ်မရောက်သေးသူများ အသုံးပြုသူ အဖြစ် စာရင်းသွင်းခြင်းအား ခွင့်မပြုရန် ဆိုရှယ်မီဒီယာပလက်ဖောင်းများကို တားမြစ်ထား သည်။ သို့သော် ပြင်သစ် အမျိုးသား နည်းပညာနှင့် လွတ်လပ်မှုကော်မရှင်၏ အဆိုအရ အသက် ၁၃ နှစ်အောက် ကလေးများ၏ ၆၃ ရာခိုင်နှုန်းသည် အနည်းဆုံး ဆိုရှယ်မီဒီယာ အကောင့်တစ်ခုရှိပြီး အသက် ၁၀ နှစ် နှင့် ၁၄ နှစ်ကြား ကလေးများ၏ တစ်ဝက်သည် Instagram၊ YouTube နှင့် Snapchat ကဲ့သို့သော လူမှုမီဒီယာဆိုက်များကို အသုံးပြုကြသည်။ယခင်က ပြင်သစ်နိုင်ငံသည် ကလေးများ၏ဓါတ်ပုံများကို သုံးပြီး ခေါင်းပုံဖြတ်ခြင်းမှ ကာကွယ်ရန် ဥပဒေသစ်တစ်ရပ် အတွက် အားထုတ်ကြိုးပမ်းခဲ့ပါသည်။

ပြင်သစ်အစိုးရ၏စည်းမျဉ်းသည် တရုတ်ပိုင်ဆိုရှယ်မီဒီယာ TikTok ကို ဆန့်ကျင်သည့် နောက် နိုင်ငံအစိုးရများ၏ ကြိုးပမ်းအားထုတ်မှု တစ်စိတ်တစ်ပိုင်းဖြစ်သည်။ မတ်လတွင် ကြားနာခဲ့သော ထိပ်တန်း ကြားနာမှုတစ်ခုတွင် TikTok CEO ဖြစ်သူ Shou Chew သည် ဒေတာလုံခြုံရေးအငြင်းပွားမှု များကိုအမေရိကန်ကွန်ကရက်လွှတ်တော်ရှေ့မှောက်တွင်သက်သေခံခဲ့သည်။ ဧပြီလတွင်ကုမ္ပဏီသည် ကလေးများ၏ အချက်အလက်များကို အလွဲသုံးစားပြုသည့်အတွက် ပေါင်စတာလင် ၁၂.၇ သန်း ဒဏ်ငွေချမှတ်ခံခဲ့ရသည်။ အပလီကေးရှင်းအား နိုင်ငံအများအပြားရှိ အစိုးရများက ပိတ်ပင်ထားပြီး အမေရိကန်ပြည်ထောင်စု မွန်တာနာပြည်နယ်သည် မေလတွင် အပလီကေးရှင်းတစ်ခုလုံးကို ပိတ်ပင် သည့် ပထမဆုံး ပြည်နယ် ဖြစ်လာခဲ့ကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေရေးရာဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www.jurist.org/news/2023/06/france-senate-passes-legislation-requiring-age-verification-for-minors-on-social-media/

**ဂျာမန်ပါလီမန်သည် ကျွမ်းကျင်လုပ်သားများခေါ်ယူရန် လူဝင်မှုကြီးကြပ်ရေးဥပဒေအသစ် (Immigration Law 2023 )ကို အတည်ပြုခြင်း**

ဂျာမနီနိုင်ငံသည် ၂၀၂၀ ခုနှစ်တွင် ကျွမ်းကျင်အလုပ်သမားများနှင့်ပတ်သက်သည့် ဥပဒေအား ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော်လည်း နိုင်ငံအတွင်း အလုပ်သမားရှားပါးသည့် အန္တရာယ်နှင့် ကြုံတွေ့နေရသဖြင့် သန်းနှင့်ချီသော အလုပ်သမားလစ်လပ်နေရာများကို ဖြည့်တင်းရန်လိုအပ်သောကြောင့် (Immigration Law 2023 )ကို ဂျာမန်ပါလီမန်မှ ၂၃-၆-၂၀၂၃ ရက်နေ့၊ သောကြာနေ့တွင် အတည်ပြုလိုက်ခြင်းဖြစ်သည်။

ဂျာမနီဖယ်ဒရယ်ပါလီမန်အတည်ပြုလိုက်သည့် Immigration Law 2023 သည် အာဖရိကတိုက်နှင့် ဥရောပပြင်ပရှိ အခြားသောကမ္ဘာ့နိုင်ငံများမှ အလုပ်အကိုင်ရှာဖွေသူများအတွက် အလုပ်လုပ်ကိုင်နိုင်သည့်အခွင့်အလမ်းတစ်ခုဖြစ်သည်။ အလုပ်အကိုင်ရရှိရန်လည်း အဟန့်အတားများကိုလည်းဖြေလျှော့ထားသည်။ ဥရောပနိုင်ငံအများအပြားသည် ရွှေ့ပြောင်းအခြေချမှုကို ကန့်သတ်ရန် ကြိုးစားနေချိန်တွင် ဂျာမနီနိုင်ငံသည် ရွှေ့ပြောင်းလုပ်သားများရရှိရန် ဤဥပဒေအသစ်တစ်ရပ်ကို အတည်ပြုလိုက်ခြင်းဖြစ်သည်။ Immigration law 2023 တွင် နိုင်ငံခြားရွှေ့ပြောင်းအလုပ်သမားများအား နည်းလမ်းသုံးမျိုးဖြင့် ဂျာမနီနိုင်ငံတွင် အလုပ်လုပ်ကိုင်နိုင်ကြောင်း ကမ်းလှမ်းထားသည်။ ပထမအချက်မှာ ဂျာမနီတွင် အသိအမှတ်ပြုထားသည့် အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ စာချုပ်ပါအသက်မွေးဝမ်းကြောင်းနယ်ပါယ် သို့မဟုတ် တက္ကသိုလ်ဘွဲ့ကို တင်ပြရမည်ဖြစ်သည်။ ဒုတိယအချက်မှာ သက်ဆိုင်ရာကဏ္ဍတွင်လုပ်ငန်း အတွေ့အကြုံအနည်းဆုံးနှစ်နှစ်နှင့် သင်တန်းကျောင်းဆင်းဖြစ်ရမည်ဖြစ်သည်။ ထို့အပြင် ရွှေ့ပြောင်းအလုပ်သမားများ၏မူလနိုင်ငံမှ နိုင်ငံအဆင့်အသိအမှတ်ပြုထားသည့် ဘွဲ့ရလျှင်လည်း ၎င်းဘွဲ့အားလက်ခံမည်ဖြစ်သည်။ တတိယအချက်မှာ ဂျာမနီတွင်အလုပ်ခေါ်စာမရှိဘဲ အလုပ်ရှာဖွေနိုင်မည့်အချက်ဖြစ်သည့်အတွက် နိုင်ငံခြားသားရွှေ့ပြောင်းအလုပ်သမားများ အလုပ်လုပ်ကိုင်ရန် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေမည်ဖြစ်သည်။

ဥရောပပြင်ပမှ ကျွမ်းကျင်လုပ်သားများကို ခေါ်ယူရာတွင် အသိအမှတ်ပြုဘွဲ့သည် အဓိက စိန်ခေါ်မှုတစ်ရပ်ဖြစ်စေနိုင်သဖြင့်လာရောက်သည့် ရွှေ့ပြောင်းအလုပ်သမားများ၏နိုင်ငံမှ နိုင်ငံအဆင့် ဘွဲ့ကို အသိအမှတ်ပြုခြင်း ၊ သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိခြင်းကို လက်ခံမည်ဟု ဖြေလျှော့ခြင်းဖြစ်သည်။ ဂျာမနီနိုင်ငံသည် ကနေဒါနိုင်ငံကဲ့သို့ အလုပ်လျှောက်ထားရာတွင် အသက်၊ ကျွမ်းကျင်မှု၊ အရည်အချင်းများအရ အမှတ်ပေးသည့် စနစ်ကို ကျင့်သုံးမည်ဖြစ်သော်လည်း ဂျာမနီ နိုင်ငံနှင့် ကိုက်ညီမှုရှိပါက လစာ၊ ပညာအရည်အချင်းအဆင့် နှင့် ဂျာမန်ဘာသာစကား ကျွမ်းကျင်မှု များအတွက် ကန့်သတ်ချက်များကို ဖြေလျှော့စဉ်းစားသွားမည်ဖြစ်သည်။

IT ကျွမ်းကျင်သည့် နိုင်ငံခြားရွှေ့ပြောင်းအလုပ်သမားများသည် တက္ကသိုလ်ဘွဲ့မရရှိဘဲ ဂျာမနီ သို့လာရောက်အလုပ်လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် မတ်လ ၂၉ ရက်နေ့ မတိုင်မီ ဂျာမနီ နိုင်ငံအတွင်းသို့ ဝင်ရောက်ခိုလှုံသည့်သူများအတွက်လည်း ကောင်းမွန်သည့်အလုပ်အကိုင် အခွင့် အလမ်းရရှိရန် ပိုမိုလွယ်ကူလာမည်ဖြစ်သည်။

ဥပဒေသစ်အရ ရွှေ့ပြောင်းအလုပ်သမားများသည် အလုပ်အကိုင်ရရှိပြီး ၎င်းတို့ကိုယ်တိုင် ဂျာမနီနိုင်ငံတွင် နေထိုင်နိုင်သည့်အပြင် နောက်ပိုင်းတွင်လည်း အိမ်ထောင်ဖက်နှင့် သားသမီးများကို သာမက မိဘများကိုပါ ခေါ်ဆောင်လာနိုင်တော့မည်ဖြစ်သည်။ လူဝင်မှုကြီးကြပ်ရေး ဥပဒေအသစ် သည် ဂျာမနီနိုင်ငံ အတွက် ကြီးမားသောမူဝါဒအပြောင်းအလဲတစ်ရပ်ဖြစ်ကြောင်းသိရသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

Source – BBC News, Aladolu Agency News

## မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး(UNODC)၏ ၂၀၂၃ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာထုတ်ပြန်ချက်

ဇွန်လ ၂၆ ရက်နေ့သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ သို့မဟုတ် ကမ္ဘာ့မူးယစ်ဆေးဝါးနေ့ (The International Day against Drug Abuse and Illicit Trafficking or World Drug Day) ဖြစ်ပါသည်။ ထိုအထိမ်းအမှတ်နေ့တွင် မူးယစ်ဆေးဝါး နှင့် ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC)မှ ၂၀၂၃ ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါး အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။ ထိုအစီရင်ခံစာသည် တရားမဝင် မူးယစ်ဆေးဝါးဈေးကွက်ဆက်လက်ကျယ်ပြန့် လာခြင်းကြောင့် အကြပ်အတည်းများ ပေါင်းဆုံလာနိုင်ကြောင်း သတိပေးထားပါသည်။

တရားမဝင်မူးယစ်ဆေးဝါးတင်သွင်းမှုနှင့် ပိုး၍လျှင်မြန်သော တရားမဝင်မှောင်ခိုကူးမှုကွန်ယက် များသည် ကမ္ဘာလုံးဆိုင်ရာအကြပ်အတည်းများနှင့် ဆက်စပ်ပတ်သက်နေပြီး ကျန်းမာရေး ဝန်ဆောင်မှုနှင့် ဥပဒေစိုးမိုးရေးတုံ့ပြန်မှုတို့ကို စိန်ခေါ်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ စိန်ခေါ် မှုများဖြစ်သည့်တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းမှပေါ်ပေါက်လာသောသဘာဝပတ်ဝန်းကျင် ပျက်စီးမှု၊ လူ့အခွင့်အရေးအလွဲသုံးစားမှုများနှင့် ပေါင်းစပ်ဓာတုဆေးဝါးများ လွှမ်းမိုးလာခြင်းဖြင့် လူမှုရေးနှင့် စီးပွားရေးမညီမျှမှုကို ဖြစ်ပေါ်စေပြီး မည်သို့မည်ပုံ ကိုင်တွယ်ဆောင်ရွက်ရမည်ကိုလည်း အလေးထားဖော်ပြကြောင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သောရောဂါများကို ကုသရန် လိုအပ်ချက် များ အတော်များများ ကျန်ရှိနေသေးကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲ၍ ရောဂါခံစားနေရသူ လူ ၅ဦးမှ ၁ ဦးသာလျှင် ကုသမှုကို ခံယူနေကြောင်း၊ လူငယ်လူရွယ်များသည် မူးယစ်ဆေးဝါးသုံးစွဲမှု အများဆုံး ဖြစ်ပြီး နေရာဒေသအတော်များများတွင် ဆေးဝါးသုံးစွဲခြင်းကြောင့် ရောဂါခံစားရမှု အများဆုံးလည်း ဖြစ်ကြောင်း၊ အာဖရိကတွင် ၇၀ ရာခိုင်နှုန်းသော ဆေးကုသမှုခံယူသူများသည် အသက် ၃၅နှစ် အောက် ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေး၊ ကာကွယ်ရေးနှင့် ကုသမှုရရှိရေးတို့ကို ကမ္ဘာတစ်ဝှမ်း ဦးစားပေးဆောင်ရွက်ပါက မူးယစ်ဆေးဝါးစိန်ခေါ်မှုများသည် နောက်တွင်ကျန်ခဲ့မည်ဖြစ်ကြောင်း၊ ဈေးကွက်ကို တင်သွင်းရန် လွယ်ကူသောဈေးသက်သာသည့်ပေါင်းစပ်ဓာတုဆေးဝါးများ တိုးပွား

လာခြင်းနှင့် လျင်မြန်၍ ရာဇဝတ်မကင်းသည့် စီးပွားရေးစံနှုန်းများ၏ ခြေလှမ်းကို ထိန်းချုပ်ရန် ဥပဒေ အတိုင်း လိုက်နာ ဆောင်ရွက်သည့်တုံ့ပြန်ချက်များ လိုအပ်ကြောင်းတို့ကို အစီရင်ခံစာတွင် အဓိက ဖော်ပြထားပါသည်။

အစီရင်ခံစာ၏ တွေ့ရှိချက်များအပေါ် UNODC အမှုဆောင် ဒါရိုက်တာ Ghada Waly က "မူးယစ်ဆေးဝါး ကျေးကျွန်များကို ကုသရန်ပျက်ကွက်နေစဉ်တွင်ပင် ကမ္ဘာအနှံ့ မူးယစ်ဆေးဝါး သုံးစွဲသူများ ဆက်လက်တိုးပွားလာသည်ကို ကျွန်ုပ်တို့ တွေ့ကြုံနေရကြောင်း၊ တစ်ချိန်တည်းမှာ ပင် တရားမဝင် မူးယစ်ဆေးဝါးများစိုက်ပျိုး ထုတ်လုပ်မှု အထူးသဖြင့် ပေါင်းစပ်ဓာတုဆေးဝါး များကို ကျယ်ပြန့်လာစေရန် ကမ္ဘာလုံးဆိုင်ရာ အကြပ်အတည်းများနှင့် ပဋိပက္ခများကို ဖြစ်ပွားစေခြင်း၊ တရားမဝင်ဈေးကွက်များကို လှုံ့ဆော်ပေးခြင်း၊ လူ့အသိုင်းအဝိုင်းကို ပို၍ထိခိုက်မှုဖြစ် စေခြင်းစသည့် မူးယစ်ဆေးဝါး မှောင်ခိုကူးမှုကွင်းဆက်များကို ဆန့်ကျင်တုံ့ပြန်မှုများ ဆောင်ရွက်ရန် လိုအပ်ကြောင်း" ပြောကြားပါသည်။

အစီရင်ခံစာတွင် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ကွာဟမှုနှင့် မညီမျှမှုများရှိကြောင်း၊ တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုများသည် ပဋိပက္ခမှုများ၊ လူ့အခွင့်အရေး အလွဲသုံးမှု များနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို အရှိန်မြင့်လာစေကြောင်း၊ ထိန်းချုပ်ထားသောမူးယစ်ဆေးဝါး များကို ဆေးကုသမှုအတွက် စည်းကမ်းသတ်မှတ်ချက်ဖြင့် အသုံးပြုရာတွင် ပြည်သူ့ကျန်းမာရေးကို ဦးစားပေးကြောင်း၊ ပေါင်းစပ်ဓာတုဆေးဝါးများလွှမ်းမိုးမှုတိုးမြင့်လာကြောင်းနှင့် အာဖဂန်နစ္စတန်တွင် မူးယစ်ဆေးဝါးတားမြစ်ပိတ်ပင်မှုသည် ဘိန်းထုတ်လုပ်မှု လမ်းကြောင်းကို ပြောင်းပြန်လှန်တက်သွား စေနိုင်ကြောင်းစသည်ဖြင့် ဖော်ပြထားပါသည်။

အချုပ်အားဖြင့် တရားမဝင်မူးယစ်ဆေးဝါးဈေးကွက်များ ဆက်လက်ကျယ်ပြန့်လာသဖြင့် အကြောအတွင်း မူးယစ်ဆေးဝါးများ ထိုးသွင်းသုံးစွဲသူအရေအတွက် လက်ရှိခန့်မှန်းချက်သည် လူသားချင်း စာနာထောက်ထားခြင်းဆိုင်ရာ အကြပ်အတည်းများကြောင့် ရွှေ့ပြောင်းသွားလာသူဦးရေအပါအဝင် ဆေးဝါးကုသမှုများနှင့် အခြားသောအချိန်တိုအတွင်း ကုသမှုများကဲ့သို့သော ယခင်က ခန့်မှန်းချက်ထက်

ပိုမိုမြင့်တက်လာကြောင်း၊ ဈေးသက်သာပြီး လွယ်ကူသောပေါင်းစပ် ဓာတုဆေးဝါးသည် ပြင်းထန်သောရလဒ်များနှင့်အတူ မူးယစ်ဆေးဝါးဈေးကွက်ကို ပြောင်းလဲစေကြောင်း၊ မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးမှုသည် အမေဇုန်မြစ်ဝှမ်းအတွင်း သဘာဝပတ်ဝန်းကျင် ပျက်စီးမှုနှင့် ရာဇဝတ်မှုများ တိုးမြင့်လာစေကြောင်း၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးဖြင့် လက်တွေ့စမ်းသပ်မှုများနှင့် လျင်မြန်စွာထိန်းသိမ်းစေသောပြောင်းလဲမှုများအကြား အများပြည်သူ ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုများကို ပိုမိုစောင့်ကြည့်ရန် လိုအပ်ကြောင်း ဖော်ပြထားပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၃ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် ထုတ်ပြန်ခဲ့သောမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာကုလသမဂ္ဂရုံး (UNODC) ၏ အစီရင်ခံနှင့်စပ်လျဉ်း၍ သိရှိနိုင်ပါရန်ဖော်ပြအပ်ပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်-United Nations Office on Drugs and Crime သတင်းစာမျက်နှာ

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးဆိုင်ရာဥပဒေပြဋ္ဌာန်းခြင်း

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏နိုင်ငံခြားဆက်ဆံရေးဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့ရာ အဆိုပါဥပဒေသည် သမ္မတရှီကျင့်ဖျင်၏ သမ္မတတာဝန်ထမ်းဆောင်ချိန် ၂၀၁၂ ခုနှစ်မှစတင်ကျင့်သုံးခဲ့သည့် ၎င်း၏ နိုင်ငံခြားရေးမူဝါဒထိန်းချုပ်မှုကို ခိုင်မာစေပါသည်။။

ယင်းဥပဒေကို ဇွန် ၂၈ ရက်နေ့တွင် တရုတ်အမျိုးသားဥပဒေပြုလွှတ်တော်က အတည် ပြုပြီး ဇူလိုင်လ ၁ ရက်နေ့တွင် အာဏာတည်မည်ဖြစ်ပါသည်။ ဥပဒေတွင် နိုင်ငံခြားရေးဆိုင်ရာ ကိစ္စရပ်များ ပါဝင်ပြီး ပထမဆုံးအပိုဒ်တွင် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကြောင်းဖော်ပြထားပါသည်။

အမျိုးသားဥပဒေပြုလွှတ်တော်မှ တာဝန်ရှိသူတစ်ဦးက တရုတ်နိုင်ငံ၏ နိုင်ငံခြားရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပိုင်းဆိုင်ရာ လိုအပ်ချက်များရှိနေခြင်း၊ အချုပ်အခြာအာဏာ၊ အမျိုးသား လုံခြုံရေးနှင့် အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များတွင် လစ်ဟာမှု များရှိနေကြောင်း၊ နိုင်ငံခြားရေးကိစ္စများနှင့် စပ်လျဉ်းသည့်ဥပဒေစနစ်တည်ဆောက်ခြင်းက တရုတ်နိုင်ငံအပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်နှင့် စိန်ခေါ်မှုများအတွက် အကူအညီဖြစ်စေကြောင်း ရှင်းပြပါသည်။

အဆိုပါဥပဒေတွင် အခန်း (၆) ခန်းပါဝင်ပြီး ပြဋ္ဌာန်းချက်အပိုဒ် ၃၃ သည် တရုတ်နိုင်ငံ၏ အချုပ်အခြာအာဏာ၊ အမျိုးသားလုံခြုံရေးနှင့် အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို အန္တရာယ် ဖြစ်စေသည့် လုပ်ဆောင်ချက်များအပေါ် အရေးယူဆောင်ရွက်ခွင့်(သို့)ကန့်သတ်ဆောင်ရွက်ခွင့်ရှိကြောင်းထင်ဟပ်စေပါသည်။

ပြီးခဲ့သောနှစ်များတွင် ကုန်သွယ်ရေး အရေးယူပိတ်ဆို့ခြင်းတို့ကြောင့် ဘေကျင်းနှင့် ဝါရှင်တန်တို့အကြားဆက်ဆံရေးတင်းမာလာခဲ့ရာ ယခုကဲ့သို့ဥပဒေသစ်ပြဋ္ဌာန်းခြင်းသည်အမေရိကန် ဦးဆောင်သည့် အရေးယူပိတ်ဆို့မှုများကို တုံ့ပြန်ရန်အားထုတ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဖေဖော်ဝါရီလတွင် ထိုင်ဝမ်သို့ လက်နက်ရောင်းချသည့် အမေရိကန်ကုမ္ပဏီကို ဘေကျင်းက ပိတ်ပင်ခဲ့ပြီး မေလတွင် တရုတ်နိုင်ငံရှိ အမေရိကန်မိုက်ခရွန်နည်းပညာကုမ္ပဏီကို တားမြစ်ပိတ်ပင်ခဲ့ပါသည်။

အဆိုပါဥပဒေတွင် နိုင်ငံတကာအပြန်အလှန်ဆက်ဆံရေးတွင် တရုတ်နိုင်ငံ၏ အကျိုး စီးပွားကို ဆုပ်ကိုင်ထားနိုင်သည့် တစ်ဦးချင်းနှင့် အဖွဲ့အစည်းများလိုအပ်ကြောင်း၊ တရုတ်နိုင်ငံ၏ အမျိုးသား အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် ပြုမူဆောင်ရွက်ချက်များကို ကျူးလွန်ပါက တရားဝင် အရေးယူနိုင်ကြောင်း ဖော်ပြပါရှိပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို မြှင့်တင်ခြင်း၊ နိုင်ငံအားလုံးနှင့် ကုန်သွယ်မှုစနစ်ကိုဆုပ်ကိုင်ခြင်း စသည့်တရုတ်နိုင်ငံ၏ ကတိကဝတ်များကို အဓိကထား ဖော်ပြ ထားပါသည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံရေးရာဌာနခွဲ

ဥပဒေရေးရာဝန်ကြီးဌာန

**Source - CNN, BBC News**

---

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

